# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 5, 2024 | Volume 81, Number 3


**၅.၈.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၃၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၁.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုကပြောပြ၍သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ ကုန်စိမ်းဈေးကွက်တွင် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် သခွားသီးအလုံးရေ ၁၆,၀၀၀ မှ ၂၅,၀၀၀ ထိ ဝယ်ယူမှုအားကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိမှာ တစ်ရက်ကို သခွားသီးအလုံးရေ ၂၅,၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ သခွားသီးက ကျိုက်လတ်မြို့နယ်က ဒေသထွက်ကုန်တစ်ခုပါ။ အခုအရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်အသွေးကလဲကောင်းပါတယ်။ အခြားဒေသတွေကနေ ကျိုက်လတ်မြို့နယ်က သခွားသီးတွေကို ဝယ်ယူမှုများပြားနေပါတယ်။ အခုလိုဒေသထွက် သခွားသီးတွေ ဝယ်ယူမှုများပြားလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်ပိုမိုအဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုကပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ သခွားသီးများ ဝယ်ယူမှုများပြားလာပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်

နေကြောင်း၊ ဒေသထွက်ကုန်များသာရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရရှိနေကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅,၀၀၀ ထိ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ စပါးတွေဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ဆင်းသုခစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ကမ်းလှမ်း ချိတ်ဆက်မှုတွေရှိပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါး ၁၀ တင်းလျှင် ငွေကျပ် ၁၉ သိန်းထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ သီးနှံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငရုတ်သီးစိမ်း ပိဿာချိန် ၇၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်း ပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လယ်ယာထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဓနုဖြူမြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပြီးသန့်ရှင်းတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူတဲ့ကုန်ပစ္စည်းကလဲ များနေပါတယ်။ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့်ဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ်မှ သီးနှံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးကဆက်လက်ပြောပြသည်။

ဓနုဖြူမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်ပြီး ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ ဓနုဖြူမြို့နယ်မှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် ဝယ်ယူမှုများလာကြောင်း၊ ထိုသို့ ငရုတ်သီးများဝယ်ယူမှုကြောင့် တောင်သူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် ကောင်းနေကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၉-၇-၂၀၂၄ မှ ၂-၈-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၂၉,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၆၃၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၂၀၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၆၁,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၇၃,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၄၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၄၇၅၀၊ မြားနီ ကျပ် ၄၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၃၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရှောက်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည် အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၇၀၀ (၁၄,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ပြီး ရှောက်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၆၄၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၇၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၈၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၉၅၀၊ ကြံသကာ ကျပ် ၃၁၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒုံး) ကျပ် ၅၀၊ ပခုက္ကူကြမ်း ကျပ် ၅၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၀ နှင့် ကြံသကာ ကျပ် ၅၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၉-၇-၂၀၂၄ မှ ၂-၈-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၆၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၃၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၂၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့်

ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၃စီး(၆၇၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၀ စီး (၆၀၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၃စီး (၇၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၃,၇၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၅၄၀၀ (၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၅၀၀ (၁၃၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၉၀၀ (၂၇,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်တွင်းစားသုံးမှုလျော့ကျနေသောကြောင့် သကြားဈေးတည်ငြိမ်နေ



ပြည်တွင်းစားသုံးမှု လျော့ကျနေသောကြောင့် သကြားဈေးတည်ငြိမ်နေကြောင်း သကြားနှင့်သကာရည် ကုန်စည်ဒိုင်အသင်းမန္တလေးမှ သိရသည်။

ဇွန်၊ ဇူလိုင်ကတည်းက ပြည်တွင်းသကြားဈေးတည်ငြိမ်နေရာ ဩဂုတ် ၃ ရက် မန္တလေး ဈေးကွက်တွင် လက်ကားဈေး ပေါင်းသကြားတစ်ပိဿာ ငွေကျပ် ၄၆၀၀-၄၇၀၀-၄၈၀၀၊ ခါသကြား တစ်ပိဿာ ငွေကျပ် ၃၈၅၀- ၃၉၀၀ ပေါက်ဈေးရှိသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ကြံရာသီအပြီး သကြားတန်ချိန် ၁၀ သိန်းနီးပါး ထွက်ရှိခဲ့သောကြောင့် ပြည်တွင်းသကြားဖူလုံမှုရှိကာ နိုင်ငံခြားတင်ပို့နိုင်သည့် အခြေအနေထိရှိနေခြင်းဖြစ်သည်။

သကြားရာသီအသစ်တွင် ဗီယက်နမ်နိုင်ငံသို့ သကြားတန်ချိန် တစ်သိန်းခန့် တင်ပို့ပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် ငွေဈေးမြင့်တက်နေသောကြောင့်လည်း ဆက်လက်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းသကြား စားသုံးမှုမှာလည်း နယ်ဈေးကွက်များသို့ ရောင်းချနိုင်ခြင်းမရှိသောကြောင့် ပြည်တွင်း သကြားဈေးမှာ တည်ငြိမ်လျက်ရှိနေခြင်းဖြစ်ကြောင်း သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေက ပြောသည်။ “ပြီးခဲ့တဲ့ကြံရာသီမှာ သကြားတန်ချိန် ၁၀ သိန်းနီးပါး ထွက်ရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းသကြား ဖူလုံရုံတင်မက နိုင်ငံခြားတင်ပို့နိုင်တဲ့ အခြေအနေရှိပါတယ်။ ဧပြီလ ကြံရာသီနောက်ပိုင်းမှာ ဗီယက်နမ်နိုင်ငံကို တန်ချိန် ၁ သိန်းကျော် တင်ပို့ထားပါတယ်။ နောက်ထပ် တင်ပို့နိုင်ဖို့လည်းစီစဉ်နေပါတယ်။ ပြည်တွင်းသကြားစားသုံးမှုကလည်း လျော့ကျနေတော့ သကြားဈေးက တည်ငြိမ်နေပါတယ်”ဟု ၎င်းကပြောသည်။

ပြည်တွင်းသကြားစားသုံးမှုမှာ ယခင်က တန်ချိန် ၅ သိန်းခန့်ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် နယ်ဈေးကွက်များသို့ တင်ပို့နိုင်ခြင်းမရှိသောကြောင့် သကြားဈေးတည်ငြိမ်နေသလို နိုင်ငံခြားသို့ ပိုလျှံသကြားများကို ပိုမိုတင်တင်ပို့နိုင်မည်ဖြစ်သည်။ မြန်မာ့သကြားကို ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့နေကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်းဂျုံဈေးကွက် အမြင့်ဈေးတန်းတွင်ရှိနေသော်လည်း ပုံမှန်သာအရောင်းအဝယ်ရှိ

ပြည်တွင်းဂျုံဈေးကွက် အမြင့်ဈေးတန်းတွင်ရှိနေသော်လည်း ပုံမှန်သာအရောင်း အဝယ်ရှိနေကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းဂျုံစိုက်ပျိုးမှုမှာ ဒေသအစုံစိုက်ပျိုးနိုင်ခြင်းမရှိတာကြောင့် ဈေးကွက် အတွင်း ဂျုံအဝင်လျော့နည်းခဲ့တာကြောင့် ယခုနှစ်ဈေးကွက်အတွင်း အမြင့်ဈေးတန်းသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ဂျုံအရောင်းအဝယ်မှာလည်း နယ်



ဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသေးသောကြောင့် ပုံမှန်သာအရောင်းအဝယ်ရှိနေခြင်းဖြစ်ကြောင်း မန္တလေးမြို့ ဒေါင်းဂျုံစက်ပိုင်ရှင် ဦးသက်တင်ကပြောသည်။

"ဂျုံကတော့ဆောင်းသီးနှံအဖြစ်စိုက်ပျိုးပြီး ပေါင်မုန့်၊ ကိတ်၊ ပလာတာ၊ ထပ်တရာ၊ ခေါက်ဆွဲတွေမှာ အသုံးပြုတာ များပါတယ်။ လက်ရှိမှာတော့ စစ်ကိုင်းတိုင်းဒေသကြီးက ထွက်တာ အကောင်းဆုံးပါ။ ရေသွင်းဂျုံတွေလည်း စိုက်ပျိုးကြပါတယ်။ ဂျုံဈေးကွက်ဈေးတန်းတစ်ခုရောက်ရင် ငြိမ်တာများပါတယ်။ နိုင်ငံခြားဂျုံတင်သွင်းမှုကလည်း လျော့ကျတော့ ပြည်တွင်း ဂျုံဈေးကွက်က ကောင်းနေတာပါ။ လက်ရှိ ဂျုံဈေးတန်းက အမြင့်ဈေးဆိုပေမယ့် နယ်ဈေးကွက်ကို တင်ပို့မှုနည်းတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ်တွင် ဂျုံစိုက်တောင်သူများအနေဖြင့် ပေါ်ပေါ်ခြင်းဈေးကောင်းရရှိကြသလို ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၇၀,၀၀၀ ခန့်ရရှိခဲ့ပြီး လက်ရှိအချိန်တွင် ဂျုံတစ်အိတ်လျှင် ငွေကျပ် ၁၈၀,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၁ ရက် မန္တလေးဈေးကွက်တွင် ဂျုံ(ငါန်းဇွန်၊ မြို့သာ) ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၅,၀၀၀- ၁၈၀,၀၀၀၊ ဂျုံ(မုံရွာ၊ ဘုတလင်) တစ်အိတ်လျှင် ငွေကျပ် ၁၇၅,၀၀၀-၁၈၀,၀၀၀၊ ဂျုံ(စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို) တစ်အိတ်လျှင် ငွေကျပ် ၁၇၅,၀၀၀- ၁၈၀,၀၀၀၊ ဂျုံ(မြင်းမူ၊ မြောင်) တစ်အိတ်လျှင် ငွေကျပ် ၁၇၅,၀၀၀- ၁၈၀,၀၀၀၊ ဂျုံ(ကလေး)တစ်အိတ်လျှင် ငွေကျပ် ၁၅၅,၀၀၀-၁၇၀,၀၀၀၊ ဂျုံ(ရှမ်း)တစ်အိတ်လျှင် ငွေကျပ် ၁၅၅,၀၀၀-၁၇၀,၀၀၀၊ ဂျုံ(အထွက်တိုး) တစ်အိတ်လျှင် ငွေကျပ် ၁၅၅,၀၀၀-၁၆၀,၀၀၀၊ ဂျုံ(ပန်ဆိုင်း၊ ကြူကုတ်) တစ်အိတ်လျှင်ငွေကျပ် ၁၅၅,၀၀၀-၁၆၀,၀၀၀၊ ။ ဂျုံဖွဲ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀-၁၃၀၀ ပေါက်ဈေးရှိသည်။

ဂျုံသီးနှံကို ဆောင်းစိုက်သီးနှံအဖြစ် စစ်ကိုင်းဒေသ၊ မုံရွာဒေသ၊ မြင်းမူဒေသ၊ သဲတော-ဝမ်းတွင်းဒေသများတွင် အများဆုံးစိုက်ပျိုးထွက်ရှိသည်။ ပြီးခဲ့သည့် ဆောင်းဂျုံထွက်ရှိမှုမှာ အနည်းငယ်လျော့နည်းခဲ့ပြီး လက်ရှိမှာ တောင်သူအနည်းငယ်နှင့် လှောင်လက်သမား၊ စက်ရုံများတွင်သာ လက်ကျန်ရှိတော့ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထပ်မံဖြေလျှော့ပေးရန် ထိုင်းဗဟိုဘဏ် (ထိုင်းဘဏ်) က စီစဉ်ဆောင်ရွက်လျက်ရှိခြင်း

ထိုင်းနိုင်ငံတွင်း လုပ်ငန်းများဆောင်ရွက်ရန်လွယ်ကူခြင်းကို အထောက်အကူပြုရန်နှင့် ရေရှည်တွင် နိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်မှု ဂေဟစနစ်ကို မြှင့်တင်ရန် ရည်ရွယ်၍ နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထပ်မံဖြေလျှော့ပေးရန် ထိုင်းဘဏ်က ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံခြားငွေလဲလှယ်မှုဂေဟစနစ်မိတ်ဆက်ခြင်း၏ တတိယအဆင့်အနေဖြင့် ထပ်ဆောင်းဖြေလျှော့မှုများကို စတုတ္ထလပတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသားများအတွက် စီးထွက်မှုငွေအပေါ်ဖြေလျှော့မည့် လုပ်ထုံးလုပ်နည်းများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ အဓိကပြောင်းလဲမှုများအနေဖြင့် နှစ်စဉ်စီးထွက်မှုပမာဏကို အမေရိကန်ဒေါ်လာ ၅၀,၀၀၀ မှ အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ သို့ မြှင့်တင်လိုက်ခြင်း၊ negative lists ကန့်သတ်ချက်များကို လျှော့ချခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်းတို့ဖြစ်ကြောင်း ထိုင်းဘဏ် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့်မူဝါဒဦးစီးဌာနညွှန်ကြားရေးမှူး Ms. Chananun Supadulya က ပြောကြားခဲ့သည်။

နိုင်ငံအဆင့် Pooling နည်းလမ်းအရ စီးပွားရေးလုပ်ငန်းများသည် ဘတ်ငွေများကို ပြည်တွင်းနှင့်ပြည်ပတို့ရှိ ၎င်းတို့၏ လုပ်ငန်းများလည်ပတ်ရန် ချေးငှားနိုင်ပါကြောင်း၊ ထိုင်းနိုင်ငံရှိ Offshore ကုမ္ပဏီများသည် နိုင်ငံခြားရှိ မိခင်ကုမ္ပဏီထံ ဘတ်ငွေပေးပို့နိုင်ပြီး ထိုင်းကုမ္ပဏီများသည်လည်း ဘတ်ငွေများကို ၎င်းတို့၏နိုင်ငံခြားရုံးခွဲများသို့ ပေးပို့နိုင်ကြောင်း၊ ဗဟိုဘဏ်သည် Non-Resident Qualified Company (NRQC) စီမံချက်အောက်မှ နိုင်ငံတွင်းနေထိုင်သူမဟုတ်သူများအတွက် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် NRQC အစီအစဉ်တွင် နိုင်ငံခြားကုမ္ပဏီ ၈၂ ခု ပါဝင်လျက်ရှိပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်မှုဂေဟစနစ်မိတ်ဆက်ခြင်းကို ၂၀၁၉ မှ ၂၀၂၁ တွင် ပထမအဆင့်၊ ၂၀၂၂ မှ ၂၀၂၃ တွင် ဒုတိယအဆင့်တို့ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း Ms. Chananun က မှတ်ချက်ပြုသည်။

နိုင်ငံခြားငွေလဲလှယ်မှုဂေဟာစနစ်အတွက် ကောင်းမွန်သော တုံ့ပြန်ချက်များရရှိခဲ့ပြီး Foreign Currency Deposit (FCD) စာရင်းဖွင့်လှစ်မှုများ မြင့်တက်လာလျက်ရှိရာ လက်ရှိတွင် ၈၅၁,၉၄၃ ခုရှိပြီဖြစ်ကြောင်း၊ ငွေလဲနှုန်းကို တည်ငြိမ်စေခြင်းဖြင့် လုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုတစေရန်မှာ နိုင်ငံခြားငွေလဲလှယ်မှုဂေဟာစနစ်၏ ရည်ရွယ်ချက်များဖြစ်ပါကြောင်း၊ စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲရာ၌ ပိုမိုသက်တောင့်သက်သာ ဖြစ်စေမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (5.8.2024)




Stock trading data

As of 5th Aug. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,541 (Shares) | 84,575,800 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,800 | 9,000 | 8,800 | 1,816 | 16,126,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,500 | 8,683 | 30,485,700 | 38,929,150 | 140,145 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 5,871 | 10,564,750 | 29,664,613 | 53,396 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 550 | 1,512,500 | 12,823,224 | 35,264 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 920 | 1,612,550 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 339 | 1,559,400 | 10,497,598 | 48,289 |
| MAEX | 00008 | 3,450 | -50 | -1.43% | 3,450 | 3,500 | 3,450 | 1,362 | 4,714,600 | 23,804,946 | 82,127 |




Market summary

As of 5th Aug. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.98 | -0.93 | -0.23% | 411.28 | 411.70 | 406.38 | 19,541 | 66,575,800 | 8 | 775,185 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 29,541 (Shares) | 84,575,800 (MMK) |

## Main Board

As of 1:00 pm, 5th Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,541 (Shares) | 84,575,800 (MMK) |

| MYANPIX | 410.98 ▼ 0.93 |
|---|---|
| Total Volume (shares) | 19,541 |
| Total Value (MMK) | 67 mil |
| Listed Company | 8 |
| Market Cap. (MMK) | 775,185 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 3,450 | ▼ 50 |

TIR